ထုတ်ပြန်ကြေညာချက် (၁၁/၂၀၂၁)
၁၅ နိုဝင်ဘာ ၂၀၂၁

**"မိဘပြည်သူများသို့ မေတ္တာရပ်ခံပန်ကြားခြင်း"**

၁။ ဖက်ဆစ် စစ်ကောင်စီနှင့် နောက်လိုက်ခွေးများသည် မြို့ရွာများနှင့် ဘာသာရေး အဆောက်အဦများကို ဖျက်ဆီးခြင်း၊ ပြည်သူများကို သတ်ဖြတ်ခြင်း၊ အပြစ်မဲ့အရပ်သားများကို ဖမ်းဆီးနှိပ်စက်ခြင်း၊ မတရားပုဒ်မများဖြင့်တရားစွဲဆိုထောင်ချခြင်း၊ ပြည်သူ့ဘဏ္ဍာများဖြင့် ဆောက်လုပ်ထားသောဆေးရုံများနှင့် စာသင်ကျောင်းများကို ၎င်းတို့၏ကတုတ်ကျင်းသဖွယ်အသုံးပြု၍ ကျောင်းသားပြည်သူများကို လူသားဒိုင်းအဖြစ်အသုံးပြုနေခြင်း အစရှိသည့် အကြမ်းဖက်လုပ်ရပ်များကို နေ့စဉ်မပြတ်ကျူးလွန်နေကြကြောင်း မိဘပြည်သူတစ်ရပ်လုံး အသိပင်ဖြစ်ပါသည်။

၂။ အဆိုပါ လူသတ်အကြမ်းဖက်လုပ်ရပ်များကိုကျူးလွန်နေသည့် ဖက်ဆစ်စစ်ကောင်စီက ယခုအခါတွင် မိဘပြည်သူများနှင့် မိဘပြည်သူများ၏ သားငယ်၊ သားသမီးငယ်များ ဖြစ်သည့် ကာယကံရှင် ကျောင်းသား၊ ကျောင်းသူများ၏ ဆန္ဒမပါဝင်ဘဲ အတင်းအကြပ် ကျောင်းအပ်နှံခိုင်းခြင်း၊ ကျောင်းတက်ခိုင်းခြင်း၊ ကိုယ်ပိုင်ကျောင်းများကိုဖိအားပေး၍ ကျောင်းဖွင့်ခိုင်းခြင်း စသည်ဖြင့် အာဏာရှင်ပီသစွာ ပညာရေးလွတ်လပ်ခွင့်ကို စော်ကားဖိနှိပ်မှုများ ပြုလုပ်လျက်ရှိကြောင်းလည်း သိရပါသည်။

၃။ ယနေ့ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်နေ့တွင် နိုင်ငံတော်၏ တရားဝင်အစိုးရဖြစ်သော အမျိုးသားညီညွတ်ရေးအစိုးရ၏ ပညာရေးဝန်ကြီးဌာနက မိဘပြည်သူ၊ ကျောင်းသူ၊ ကျောင်းသားများသို့ အသိပေးသတင်းထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်ထားပါသည်။ အဆိုပါ သတင်းထုတ်ပြန်ချက်တွင် **"အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ဖက်ဒရယ်ဒီမိုကရေစီ ပညာရေးစနစ်တည်ဆောက်ရန် ခိုင်မာစွာသန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်ကြောင်း၊ စစ်ကောင်စီ၏ အာဏာရှင်ဆန်သည့် ဖိအားပေးမှုများသည် အနာဂတ်လူငယ်များအား ပညာရည်နိမ့်ပါးအောင် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ နိုင်ငံတကာမှ လုံးဝအသိအမှတ်မပြုသော တရားမဝင် စစ်ကောင်စီ၏ ပညာရေးလုပ်ဆောင်မှုများ အားလုံးသည်အလိုအလျောက် တရားမဝင်ကြောင်းနှင့် စစ်ကောင်စီမှခိုင်းစေကျင်းပသည့် တက္ကသိုလ်ဝင်တန်း စာမေးပွဲရလဒ်များကိုလည်း ဖက်ဒရယ်စနစ်ဖြင့် အကောင်အထည်ဖော်သွားမည့် အဆင့်မြင့်ပညာ တက္ကသိုလ်/ကောလိပ်/ သိပ္ပံများက အသိအမှတ်ပြုလက်ခံမည် မဟုတ်ပါကြောင်း"** တို့ ပါဝင်ကြောင်းတွေ့ရပါသည်။

၄။ သို့ဖြစ်ပါသောကြောင့် **ဖက်ဆစ် စစ်ကောင်စီသည် တရားမဝင် လူသတ်အကြမ်းဖက်အဖွဲ့သာ ဖြစ်၍ ၎င်းတို့နှင့် အမိန့်ညွှန်ကြားချက်များကိုလိုက်နာရန် မလိုအပ်ပါကြောင်း၊ စစ်ကောင်စီမှဖွင့်သောကျောင်းများကို တက်ရောက်ခြင်းသည်လည်း အနာဂတ်နိုင်ငံတော်တွင် အသိအမှတ်ပြုခံရမည်မဟုတ်သောကြောင့် မိဘပြည်သူများအနေဖြင့် မိမိတို့၏ သားငယ်၊ သမီးငယ်များကို ကျောင်းအပ်နှံခြင်း၊ ကျောင်းတက်စေခြင်းများ မပြုလုပ်သင့်ပါကြောင်းနှင့် ကိုယ်ပိုင်ကျောင်းများအနေဖြင့်လည်း ယခုကာလတွင် ကျောင်းဖွင့်ပါက အနာဂတ်နိုင်ငံတော်တွင် ရပ်တည်နိုင်ရန် မလွယ်ကူနိုင်သောကြောင့် ကျောင်းဖွင့်ခြင်းများ မလုပ်ကြရန် ကျွန်ုပ်တို့တော်လှန်ရေးအင်အားစုများက မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။**

၅။ အကယ်၍ **"စစ်ကောင်စီအလိုကျ သားငယ်၊ သမီးငယ်များကို ကျောင်းအပ်နှံခြင်းနှင့် ကျောင်းတက်စေခြင်းသည် စစ်ကောင်စီကို သက်ဆိုးရှည်အောင် ထောက်ပံ့ပေးခြင်း ဖြစ်စေရုံသာမက မိဘများကိုယ်တိုင် မိမိသားသမီးများကို အန္တရာယ်တွင်းထဲသို့ တွန်းပို့နေသကဲ့သို့ဖြစ်စေပြီး မိမိ၏ ဝိသမလောဘဖြင့် ကျောင်းဖွင့်လှစ်သော အသပြာကိုယ်ပိုင်ကျောင်းများ အနေဖြင့်လည်း စစ်ကောင်စီကို ကျွန်ခံမိခြင်းဖြစ်မည့်အပြင် မိမိတို့၏တပည့်များကို ဘေးရန်တွန်းပို့စေခြင်းသာဖြစ်စေမည်ဖြစ်ကြောင်း ကျွန်ုပ်တို့တော်လှန်ရေးအင်အားစုများက အသိပေးအကြောင်းကြားအပ်ပါသည်။**